

# ဝါဝါယင်လေး

# လွမ်းလိုက်တာ ဖေဖေရယ် နှင့် ရသစာစုများ

Design: Lin Aung Pyae

## ကျေးဇူးတင်လွှာ

လွှမ်းလိုက်တာ ဖေဖေရယ်နှင့် ရသစာစုများ စာအုပ်လေးမှာ ဝိုင်းဝန်းပြီး စာမူကြမ်းမှ စာမူချောဖြစ်သည့်တိုင် ကူညီဆောင်ရွက်ပေးသော ညီမလေး “ဇင်”၊ မညည်းမညူ စိတ်ရှည်လက် ရှည် ကွန်ပျူတာစာစီပေးသော မဆွေဆွေညိမ်း၊ အတွင်းပန်းချီပုံများကို မေတ္တာဖြင့် ဆွဲပေးသော မောင်ချမ်းမြေ့၊ မျက်နှာဖုံးပန်းချီကို စိတ်ကြိုက်ပုံထုတ်ပေးသော မောင်သူရမြင့်၊ လွှမ်းလိုက်တာ ဖေဖေရယ်ဆိုပြီး စာအုပ်လေးထုတ်ဖြစ်အောင် ဝိုင်းပံ့ပိုးပေးတဲ့ မေမေနဲ့မောင်နှမများ၊ ခင်ပွန်းသည်နှင့် မိသားစုအားလုံး၊ ထုတ်ဝေဖြန့်ချိပေးသော ရန်အောင်စာပေမှ ဆရာတိုးတက်နှင့် မိသားစုတို့ကို များစွာ ကျေးဇူး မှတ်တမ်းတင်ရပါတယ်။

**ဝါဝါထင်လင်း**

**၇-၇-၂၀၁၂**

***

# အမှာစာ

ဖခင်အဖေအပေါ် တန်ဖိုးထားချစ်သူတွေနဲ့ ကျွန်မလိုလွမ်းနေရသူအားလုံးအတွက် ကျွန်မ ဖေဖေကို လွမ်းသမျှ စာလေးတွေစုပြီး “လွမ်းလိုက်တာ ဖေဖေရယ်နှင့် ရသစာစုများ” စာအုပ်ကို ထုတ်ဝေရခြင်း ဖြစ်ပါတယ်။

ကျွန်မလို လွမ်းနေရသူတွေ အများအပြားရှိနေမှာပါ။ နှစ်ပေါင်းအစိတ် သုံးဆယ်ကျော်တာတောင် လွမ်းစာတွေဆီ၊ လွမ်းကဗျာတွေဖွဲ့ သီရေးပြီး ကျေးဇူးရှင် ဖခင်အဖေတွေအတွက် လွမ်းဆုတွေ တောင်းကြတဲ့ မိသားစုတွေ အများကြီးရယ်ပါ။

သူတို့ရဲ့ လွမ်းစာတွေ လွမ်းကဗျာတွေ သတင်းစာထဲမှာ မကြာမကြာမြင်ရ တွေ့ရ ဖတ်ရပါတယ်။ ပျောက်သောသူ တကယ်ရှာရင် အမှန်တွေ့နိုင်ပါတယ်။

သို့သော် “သေသောသူကြာရင်မေ့” အဆိုကိုတော့ မမှန်ပါလို့ ကျွန်မရဲရဲဝံ့ဝံ့ ပြောချင်တယ်။ ဖခင်အဖေအပေါ် လေးစားတန်ဖိုးထားချစ်သူတွေနဲ့ ကျွန်မကို လွမ်းနေရသူအားလုံးအတွက် ဒီစာ အုပ်လေးကို ကြိုးစားထုတ်ဝေရတာ ပါ။

အချိန်လေးနှစ်တာကာလမှာ တစ်နေ့တစ်ရက် မမေ့နိုင်အောင် လွမ်းနေရတာ ပါ။ ဖေဖေ သွားတတ်တဲ့နေရာ..ဖေဖေပြောဆိုနေထိုင်တဲ့ အမူအယာ..ဖေဖေ ကြိုက်တတ်တဲ့ အစားအစာ.. အားလုံးကို အမှတ်ရ လွမ်းနေတာပါ။

ဖခင်အဖေတိုင်း ဇနီးနဲ့ သားသမီး မိသားစုအပေါ် ပုံစံအမျိုးမျိုး၊

တစ်ခါတလေ လျှို့လျှို့ဝှက် ဝှက်ချစ်ပြီးမှ ပင်ပန်းခံရှာဖွေ ကျွေးမွေးတဲ့သူတွေပါ။

သက်ရှိထင်ရှား လုပ်ကိုင်ကျွေးမွေးနေတဲ့ ဖခင်အဖေတွေကို လေးစားပါ။ အခါအခွင့်သင့် တိုင်း လိုအပ်တာလုပ်ကိုင်ပေးကြပါ။ သိတတ်မှုတရားတွေ ရင်မှာပိုက်ပြီး ဖခင်အဖေတွေအပေါ် မြင်တတ်ကြပါစေ..။

အရွယ်လွန်..အရွယ်အို..ကျန်းမာရေး ချို့ယွင်းပြီး ရှာဖွေကျွေးမွေးဖို့ရာ မစွမ်းဆောင်နိုင် တော့တဲ့ ဖခင်အဖေအိုတွေအပေါ် စာနာပါ။ သနားပါ။ နားလည်ပေးပါ။ ပြုစုလုပ်ကိုင် ကျွေးမွေးကြပါလို့..တိုက်တွန်းပါရစေ..။

ဖခင်အိုတွေအတွက်..အချိန်သိပ်မကျန်တော့ပါ။

သားသမီးတွေအတွက်လည်း..အချိန်နည်းလာပါပြီ။

ကိုယ့်အလှည့်မှာ ဝဋ္ဋ်ဆိုတာ မလည်ဖို့ ကြိုးစားနေပေးကြရမှာပါ။

အချိန်တိုအတွင်း..ကိုယ့်အလှည့်ရောက်လာတော့မှာပါ။

ကိုယ့်သားသမီးတွေက ကိုယ့်လုပ်ရပ်မှုကို အမြဲအရိပ်ကြည့်နေပါတယ်။

ထောက်ကွက်မရှိအောင်..ဖခင်အဖေတို့ကလည်း...အရိပ်ဆိုး ထိုးမပေးဘဲ အရိပ်ကောင်း တွေထိုးပြီး..စံပြဖြစ်အောင် နေပေးနိုင်ကြပါစေ။

ကျွန်မရဲ့..“လွမ်းလိုက်တာ ဖေဖေရယ်..ရသစာစုလေးတွေကို ဖတ်ပြီး ထိရှခံစား အတွေး ပွားနိုင်ကြပါစေ...။”

**စာဖတ်သူများကို အစဉ်လေးစား တန်ဖိုးထားလျှက်**

**ဝါဝါထင်လင်း**

**၆-၇-၂၀၁၂**

***




# ဖေမေရယ် သမီးရယ်နဲ့ ခရီးတိုလေး

ဝါဝါထင်လင်း

## ဖေဖေရယ် သမီးရယ်နဲ့ ခရီးတိုလေး

မှတ်မှတ်ရရပါပဲ။

တစ်နေ့ "သမီး ဖေဖေမော်ဘီခြံထဲသွားချင်တယ်။ လိုက်ပို့ပေးပါ"

"ဟုတ်ကဲ့၊ ဖေဖေ"

ကျွန်မ ကားမောင်းရင် ဂီယာထိုးလို့ ဒုတ်-ဒုတ် အသံထွက်တာ၊ ကားအောက်ပိုင်း အသံတွေ မြည်တာ မကြိုက်ချင်ဘူး။ ကိုယ့်ကားဆို စိတ်ချတယ်။ အသစ်ချက်ချွတ် နောက်ဆုံးနံပါတ် မဝယ် နိုင်သေးသရွေ့ တစ်ပတ်ရစ်မက ကားလေးကို ကျွန်မ အရိပ်ကြည့်ပြီး ပြင်ရတယ်လေ။ ကိုယ်မအားတဲ့နေ့ ယောကျ်ားပြင်ပေ့ါ။ Aircon ရှဖီး၊ ကာပရိတာ အောင်ဖေ။ ဝါယာရိမ်း၊ ရာဂျူး၊ အလိုင်းမင်း- လွှင်မိုး၊ ကားဘီးလေပေါင်ချိန်လေဖြည့် နိုင်ဘရာသား၊ တစ်ပတ်-တစ်ပတ် လှည့်ပတ်ပြေးပြင်နေရ တာပဲ။ ပျက်မှမဟုတ်ဘဲ ကြိုစစ်ဆေးလိုတာဖြည့်နေတော့ ကားလေးက စက်သံညက်ပြီး ကားသံ ငြိမ်နေရော၊ နယ်အဝေးသွားလည်း ဒုက္ခမပေးတော့ဘူး။ ဘယ်ချိန်ထနှိုးနှိုး သူတို့ပြောသလို "ဒေါက်.. ဗွီး" ပဲ။ စိတ်ချမ်းသာတယ်။

ခု- မောင်လေးရဲ့ ပါးပလစ်ကာ ကားကိုမောင်းရမှာ ခရီးဝေးမို့ လမ်းမှာ တစ်ခုခုဖြစ်မှာစိုးတယ်။ အိမ်က စထွက်ပြီး မနီးမဝေးပါပဲ၊ အာလိမ်ငါးဆင့် ဘုရားနားမှာ ကားဘီးလေဝင်ထိုး လေပေါင်ချိန်။ ပြီးတော့ ကားအောက်ပိုင်းစစ်၊ အလိုင်းမင်းချိန်ပေ့ါ။ တော်သေးတယ်။ ကားက လေပေါင်တွေမညီ အလိုင်းမင်းအောက်နဲ့မို့ နာရီဝက်လောက်ကြာသွားတယ်။ ရှေ့ကားပြီးအောင် လည်း စောင့်ရသေးတယ်။

အဲ့ဒီမှာ..ဖေဖေနဲ့ ကျွန်မ "စ" တွေ့တာပဲ။

"နင့်..ကားပြင်နေတာ မပြီးတော့ဘူးလား။ တော်ပြီ။ အိမ်ပြန်မောင်း

..ငါ့ဟာငါ လိုင်းကား နဲ့ သွားမယ်”

ဖေဖေ..ဒေါသတွေထွက်ပြီး ကျွန်မကို ဆူအော်ငေါက်ပါတော့တယ်။

“မဟုတ်ဘူး ဖေဖေ..၊ ကားက..”

“တော်ပြီ။ အိမ်ပြန်မောင်း”

ကျွန်မ မျက်ရည်စက်လက်နဲ့ ကားမောင်းတယ်။ ဖေဖေ ငြိမ်သက်နေတယ်။ မျက်နှာကြီးက မကျေမနပ် မှုန်ကုတ်နေတာပဲ။ အိမ်ရောက်တော့ ကားတံခါးကို ဝုန်းခနဲမြည်အောင် ဆောင့်ပိတ်ပြီး ဆင်းသွားတယ်။ မေမေ အိမ်ထဲက ပြေးထွက်လာတယ်။

“ဟဲ့..ဘာဖြစ်လာတာလဲ”

“ဖေဖေပေါ့..သမီး ကားပြင်တာကြာတယ်ဆိုပြီး ဆူတယ် အဟင့်..အဟင့်”

“နင့်အဖေနဲ့တော့ ခက်ပါတယ်”

ဖေဖေ အိမ်ထဲကထွက်လာတယ်။ သရေအိတ် အညိုကြီးလွယ် လျှာထိုးအုပ်ထုပ်ဆောင်း ကြက်ဆင်ထီးခေါက်အမည်းကြီး ကိုင်ပြီး ပြန်ထွက်သွားတယ်။ မေမေ့ကိုတောင် စကားပြောမသွား ဘူး။ ဖေဖေ ကျွန်မကို နားလည်မပေးဘူး။ ဝမ်းနည်းလိုက်တာလေ။

နောက်တစ်ခါ..

လှည်းကူးနဲ့ မှော်ဘီခြံထဲကို မောင်းပို့ရတယ်။ မောင်လေးကားနဲ့ပဲ။ နောက်မှာ အိမ်က အကူ ကောင်မလေး တစ်ယောက်ပါတယ်။ ဟိုတစ်ခါလို ကားဘီးဝင်စစ်တာတွေ၊ ဘာတွေ မလုပ်တော့ ဘူး။ လှည်းကူးခြံကို တန်းမောင်းလိုက်တယ်။ လမ်းမှာ ဘာမှမဖြစ်ပါစေနဲ့ ဆုတောင်းရသေးတယ်။ ဖေဖေက အေးအေးဆေးဆေးပဲ။ ဆီပျောက် မီးပျောက်၊ ဘီးပေါက်ရင်ဖြင့်

မိန်းမသားတစ်ယောက် ထဲ လွယ်တဲ့ကိစ္စ မဟုတ်ပါလား။ မိန်းမသား ငါးယောက်ဆိုရင်တောင် ဘီးတစ်ဘီးလည်ဖို့ အတော် ခဲယဉ်းသား။ လှည်းကူးခြံရောက်တော့ အလုပ်သမားတွေကို လုပ်ခရှင်း၊ မှာစရာရှိတာ မှာ.. ခြံထွက် ကီလိုသံပုရာသရက်သီး..ငှက်ပျောသီးတွေ ကားပေါ်တင်..ခြံစောင့်မိသားစုကို နှုတ်ဆက်ပြီး ပြန်ထွက်လာလိုက်ကြတယ်။ လမ်းဆုံး ရောက်တော့..

“သမီးရေ၊ ဒီဆိုင်က လက်ဖက်ရည်နဲ့ ပလာတာကောင်းတယ်။ စားရအောင်”

“ကောင်းတယ် ဖေဖေ good good သမီးလည်း ဆာနေတာ..”

ညာဘက်ဆိုင်ရှေ့နား အသာကပ်ရပ်လိုက်တယ်။

“ဟဲ့..နီနီ နောက်မှာ ပူနေပြီလား၊ မုန့်စားရအောင် ဆင်း ဆင်း”

“မဆိုးပါဘူး၊ ပလာတာလည်းကောင်း၊ လက်ဖက်ရည်လည်းကောင်း၊ ပြီးရင် သွားကြမယ် သမီး”

ထောက်ကြံ့လမ်းဆုံထိ မောင်းစရာမလိုဘဲ..တိုးဂိတ်နား ညာဘက်လမ်းကို ချိုးပြီးမှော်ဘီ လမ်းကို ထွက်လိုက်တယ်။ မောင်းနေရင်း စတီယာတိုင်ကို အသာဖွပြီး အလိုင်းမင်း အောက်၊မအောက် စမ်းကြည့်တော့ ညာဘက်ကို မသိမသာလေး ဆွဲနေတယ်။ ဖေဖေ့ကိုတော့ မပြောတော့ဘူး။

မသိမသာ ဖေဖေ့ကို စွေကြည့်လိုက်တယ်။ ထင်တဲ့အတိုင်း ဖေဖေ အိပ်ငိုက်နေပြီ။ ဒီလိုပါပဲ။ ကျွန်မက မောင်း၊ ဖေဖေက ဘေးက ထိုင်ပြီး စကားတွေပြောလာတာ ငြိမ်သွားပြီဆို ဖေဖေ ငိုက်နေ ပြီပဲ။ တစ်ခါတလေ ... အာလူးကြော်လေးဝါး၊ ပူတင်းပေါင်မုန့်လေးစား၊ Orange ဘူးလေး မော့ သောက်ပြီး လိုက်လာတတ်တယ်။

မှော်ဘီမရောက်ခင် ကားရှေ့ညာဘက်ဘီးက ညှော်နံ့ထွက်လာတယ်။

“ဟာ သမီး..ကားညှော်နံ့ရသလိုပဲ”

“ဟုတ်တယ် ဖေဖေ၊ ခဏနော်”

ဘေးနားကပ် ကားစက်သတ် ရပ်ဆင်းကြည့်တော့ ..ဟုတ်ပ့ါ..ညှော်နံ့မက မီးခိုးတောင် ထွက်နေပြီ။ အလွှိုင်းတွေ ပူကျက်နေတာပဲ..ဘရိတ်ငြိတာနေမှာ။ တော်သေးတယ်။ တော်သေး တယ်။ မနီးမဝေးမှာ ဝပ်ရှော့ဆိုင်လေးရှိနေတယ်။ ပြင်လိုက်ရတာ ညနေစောင်းရော၊ လေးဘီးစလုံး ဖြုတ်စစ် လိုအပ်တာတွေထည့်ပြင် အင်ဂျင်စက်ပိုင်းတွေလည်း အကုန်စစ်ပေ့ါ။

“စိတ်ချရရဲ့လားကွာ၊ မှော်ဘီခြံတောင် မရောက်သေးဘူး။ ရန်ကုန်ပြန်ရမှာ သမီးမောင်းလို့ စိတ်ချရပ့ါမလား။ သေချာအောင်လုပ်ပေးပါသားတို့ရယ်..လမ်းမှာ ပြန်ဖြစ်ရင် မလွယ်ဘူး။ သမီးပဲ မောင်းတာ..။ အဘကလည်း အသက်ကြီးပြီ ဘာမှနားလည်တာ မဟုတ်ဘူး”

“ဟာ စိတ်ချ အဘ စိတ်ချ၊ ဘာမှမဖြစ်စေရဘူး။ မောင်းသာ မောင်း..ပြည်၊ မကွေး၊ မင်းဘူး ထိမောင်းလို့ရတယ်”

ဖေဖေ ကျေနပ်သွားတယ်။ ခေါင်းတညိတ်ညိတ်နဲ့

“ဝပ်ရှော့ဆိုင်အနီးမှာ ဖြစ်သွားတာ တော်သေးတာပေ့ါကွာ”

နောက်ပိုင်း-

“သမီးရေ လှည်းကူးခြံသွားမယ်။ မှော်ဘီခြံသွားမယ်။ ဘုရင့်နောင် မင်္ဂလာသန်းမြင့်ဆိုင် မှာ မီးစက်အသေးတစ်လုံး အရင်သွားဝယ်မယ်”

“OK ဖေဖေ”

ဖေဖေက… ကားရှေ့ခန်းမှာ ဝင်ထိုင်ရင်း..

"သမီး..ကားဘီးတွေ လေချိန်ဦး...အောက်ပိုင်းလည်း ဝင်စစ်သွားမှ..ဓာတ်ဆီရော ဝင်ထည့်ဦးမလား"

အဲ..ဖေဖေ ကျွန်မအပေါ် နားလည်သွားပြီ။

ဖေဖေ့ကို ကျေကျေနပ်နပ်ကြီး ပြုံးပြရင်း..

"အားလုံး OK ပါ ဖေဖေရယ်..မနက်ကတည်းက..အားလုံးစစ်ပြီး အသင့်ပြင်ထားတာ။ ဟိုး.. အိတ်ထဲမှာ ဖေဖေ့အတွက် ရိက္ခာအပြည့်"

"တယ်နိုပ်ပါလား"

ဖေဖေ ကျေနပ်တဲ့အခါ အဲဒီ စကားလေ အမြဲသုံးတယ်။ မကျေမနပ်ဆို "မနိုပ်ပါဘူးကွာ"

"အတော်ပဲ့တာပဲ" လို့ ပြောတတ်တယ်။

ဟိုးငယ်ငယ်တုန်းက ကျွန်မတို့မောင်နှမတွေ သွားချင်တဲ့ဆီ ဖေဖေကိုယ်တိုင် မညည်း မညူမောင်းပို့ခဲ့တယ်လေ..။ကားပေါ်မှာ ရိက္ခာက အပြည့်ပါတာတောင်..စားချင်တာ ဝယ်ကျွေးသေးတာ..။ပင်စင်စားကြီး..ဖေဖေ... အသက် ခုနှစ်ဆယ်ထဲရောက်နေပြီ။ ဖေဖေ သွားချင် တဲ့နေရာ မညည်းမညူလိုက်ပို့ဖို့ ကျွန်မအမြဲအသင့်ပြင်ထားတယ်။

"သမီးအတွက်ရော..စားစရာ ဘာပါလဲ"

"ရပါတယ်..ဖေဖေ့ဆီက ယူစားမှာပေ့ါ။ Orange လည်း နည်းနည်း သောက်မယ်..ဟဲ..ဟဲ"

**ဝါဝါထင်လင်း**

***